# ခုနစ်နေ့ ဘုရားရှိခိုး

## (၁) ပဋိသန္ဓေယူတော်မူသောနေ့ (ကြာသပတေးနေ့)

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊
သောင်းခွင်စကြာဝဠာ၊ နတ်ပြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည့်၊
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည့်၊
နတ်, လူ ငြိမ်းဖို့ကိန်းပါကို ။ ။ ။॥

## (၂) ဖွားတော်မူသောနေ့ (သောကြာနေ့)

သန္ဓေယူကာ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥယျာ၊
မဟီလှိုက်ဆူ၊ ဖွားတော်မူသည့်၊
နတ်လူအောင်မြို့လမ်းပါကို ။ ။ ။॥

## (၃) တောထွက်တော်မူသောနေ့ (တနင်္လာနေ့)

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊
ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်
ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊
ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊
ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည့်၊
စုံမြိုင်ပင်ရိပ် ခမ်းမှာကို ။ ။ ။။

## (၄) ဘုရားဖြစ်တော်မူသောနေ့ (ဗုဒ္ဓဟူးနေ့)

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊
မငြီးကြည်ဖြူ၊ နေတော်မူလျက်၊

ရန်မြူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်ကာ၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည့်၊
သုံးဖော်လူတို့ ငြိမ်းပါကို . . .။

## (၅) ဓမ္မစကြာဟောတော်မူသောနေ့ (စနေနေ့)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊
စကြာရွှေဖဝါး၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊
မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊
ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည့်၊
တရားနတ်စည်၊ ရွှမ်းတယ်ကို . . .။

## (၆) ပရိနိဗ္ဗာန်စံတော်မူသောနေ့ (အင်္ဂါနေ့)

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊
သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊

ကျွတ်ထိုက်သသူ၊ နတ်, လူ, ဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသောင်သို့၊
ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊
သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊
စံနှိုင်းမယုတ်၊ ကုသိနာရုံ၊
အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊
အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊
စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး
ကျော်တယ်ကို . . .။

## (၇) တေဇောဓာတ်လောင်တော်မူသောနေ့ (တနင်္ဂနွေနေ့)

နိဗ္ဗူစံပြီး၊ ရှုမအီသား၊
သိင်္ဂီရွှေလျော်၊ အလောင်းတော်ကို၊
ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊
ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊
ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊
ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊
မီးပူဖော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို . . .။

## ဆုတောင်း အမျှဝေ

ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊
ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊
သုံးလူတို့နတ်၊ မြတ်ထက်မြတ်သာ၊
ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊
ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊
ကျွန်ုပ်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း
ကြွယ်စေသော် ။ ။ ။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း
ပညာ့အရာ၊ ဘိဓမ္မာနှင့်၊
ကြေညာကျော်ကြား၊ လူအများကို၊
တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊
မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည့်၊
နိဗ္ဗာန်အောင်မြို့ ရောက်စေသော်။

သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊
ရှစ်ပါးသံဃာ၊ ရတနာကို၊
သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊
ရှိခိုးပါရ၊ ဤပုညကြောင့်၊
ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊

ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊
ဆယ်ဖြာအညီ၊ ပါရမီနှင့်
ဆယ်လီပုညာ၊ မြတ်ဓမ္မလည်း၊
နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်၊
သက်ဖိုးကြာမြင့် ရှည်စေသော်။

ဘဝတဖန်၊ ဖြစ်တုံပြန်လည်း
လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊
ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊
သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း
လင်းရာတမူ၊ လူကောင်းနတ်ကောင်း၊
ဘဝကောင်း၌၊ ညွတ်ညောင်းသန္ဓေ၊
တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊
တန်ခိုးကြွယ်သည်၊ လ နှယ်ထွန်းတင့်ပါစေသော်။

အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊
သဒ္ဓါသီလ၊ သုတပြည့်ဖြိုး၊
ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖေါ်၊
သတင်းကျော်လျက်၊ သူတော်တို့နှုန်း၊
ကျင့်ထုံးတရား၊ အမှားမလိုက်၊
စရိုက်စင်ဖြူ၊ အလှူရေစက်၊
လက်နှင့်မကွာ၊ ရှစ်ဖြာဉပုသ်၊

မယုတ်ကြိုးစား၊ လေးပါးပြဟ္မစိုရ်၊
ရွှန်းရွှန်းစိုသည်၊ ကုသိုလ်ကိုယ်လုံးထုံစေသော်။
ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ဝယ်၊
ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊
ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချွန်းလျက်
ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊
သုံးလူ့သခင်၊ မိတေးရှင်ကို၊
မျက်မြင်ဖူး၍၊ အထူးကြည်ညို၊
ဘုန်းရိပ်ခိုသည်၊ မင်္ဂ ဖိုလ် နိဗ္ဗာန်ရောက်စေသော်။

သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊
ရှစ်ပါးသံဃာ၊ အရိယာအား၊
ရတနာမိုး၊ ရွာသွန်းဖြိုး၍၊
ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊
အာရုံချိုးကျူး၊ နုတ်လျှာမြူး၍
ကြည်နူးဆွဆွ၊ ရှိခိုးရသည့်၊
ပုညကုသိုလ်၊ အဖို့ကိုလည်း
မွေးမိခင်နှင့်၊ ဖခင် ဆရာ၊
ဉာတကာက၊ သတ္တဝါအများ၊
နတ်တို့အားလည်း ရငြားပါစေ၊
အမျှဝေသည်၊ ကောင်းထွေ သာဓုခေါ်စေသော်။

***လယ်တီဆရာတော်***

## ကရဏီယမေတ္တာပွားပုံ

### အနောဓိသပုဂ္ဂိုလ်ငါးယောက်

၁။ သဗ္ဗေ သတ္တာ ဒုက္ခာမုစ္စန္တု = အားလုံးသောသတ္တဝါတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၂။ သဗ္ဗေ ပါဏာ ဒုက္ခာမုစ္စန္တု = အားလုံးသောအသက်ရှိသူတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၃။ သဗ္ဗေ ဘူတာ ဒုက္ခာမုစ္စန္တု = အားလုံးသောထင်ရှားရှိသူတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၄။ သဗ္ဗေ ပုဂ္ဂလာ ဒုက္ခာမုစ္စန္တု = အားလုံးသောပုဂ္ဂိုလ်တွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ဒုက္ခာမုစ္စန္တု = အားလုံးသော ခန္ဓာကိုယ်
အတ္တဘောရှိသူတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

### ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ သဗ္ဗာ ဣတ္ထိယော ဒုက္ခာမုစ္စန္တု = အားလုံးသောအမျိုးသမီးတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၂။ သဗ္ဗေ ပုရိသာ ဒုက္ခာမုစ္စန္တု = အားလုံးသောအမျိုးသားတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၃။ သဗ္ဗေ အရိယာ ဒုက္ခာမုစ္စန္တု = အားလုံးသော အရိယာပုဂ္ဂိုလ်တွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၄။ သဗ္ဗေ အနရိယာ ဒုက္ခာမုစ္စန္တု = အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၅။ သဗ္ဗေ ဒေဝါ ဒုက္ခာမုစ္စန္တု = အားလုံးသော နတ်ပြဟ္မာတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၆။ သဗ္ဗေ မနုဿာ ဒုက္ခာမုစ္စန္တု = အားလုံးသော လူသားတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၇။ သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာမုစ္စန္တု = အားလုံးသော အပါယ်ဘုံသားတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

ထိုပုဂ္ဂိုလ် (၁၂) ယောက်တို့ကို အရပ် (၁၀)မျက်နှာနဲ့တွဲကာ ဆက်ပြီး ကရုဏာပွားရမယ်။ ပုဂ္ဂိုလ် (၁၂) ယောက်ကို အရပ်(၁၀) မျက်နှာဖြင့် မြှောက်ရင် (၁၂၀)ဖြစ်တယ်။ ယင်းကို အရပ်မျက်နှာနဲ့ မတွဲဖက်ဘဲ သက်သက်ပွားများ ရတဲ့ မူလပုဂ္ဂိုလ် (၁၂) ယောက်နဲ့ ပေါင်းလိုက်ရင် ကရုဏာ (၁၃၂) ဖြစ်ပါတယ်။